ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (1-1-2008) (၅၅၄၉)

လွတ်လပ်သော နိုင်ငံသားများအဖြစ် တင့်တင့်တယ်တယ် ရပ်တည်

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် ဒို့ပြည်၊ ဒို့လူမျိုး၊ ဒို့မင်း၊ ဒို့အချုပ်အခြာအာဏာ၊ ဒို့စာပေ၊ ဒို့ယဉ်ကျေးမှု၊ ဒို့ရိုးရာဓလေ့ဟူ၍ အားရဂုဏ်ယူတတ်ကြသော ဇာတိမာန်စိတ်ဓာတ် တက်ကြွပြင်းထန်သူများဖြစ်ကြသည့်အပြင် လွတ်လပ်သော နိုင်ငံသားများအဖြစ် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ် ရပ်တည်ခဲ့ပြီး လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာသိရှိကြသောလူမျိုးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကျူးဘားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဖီဒယ်လ်ကတ်စထရိုရုဇ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ
အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၃၁

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်ကျန်းမာစေရန်နှင့် အချင်းချင်းစည်းလုံးညီညွတ်မှုရှိပြီး လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အားသစ်အင်သစ်ဖြင့် ရွှင်လန်းတက်ကြွနေစေရန် ရည်ရွယ်၍ နေပြည်တော်၌ ပထမအကြိမ်အဖြစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲများကို မိသားစုပျော်ပွဲရွှင်ပွဲများအဖြစ် ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်မှ စတင်ကျင်းပခဲ့သည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ယမန်နေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဘော်လီဘောအားကစားပြိုင်ကွင်း အမှတ်(၁)၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

☆ **၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး(တံတား)ကဏ္ဍတိုးတက်ဖြစ်ထွန်းမှုမှတ်တမ်း** စာမျက်နှာ-၇

"တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ ကိုယ်ပိုင်အင်အားကို တည်ဆောက်နိုင်မည့် အကြောင်းတရားဖြစ်သည်။ ထိုမှုမက ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်နိုင်ရေးအတွက် အဓိကမောင်းနှင်အား ဖြစ်သည်"

☆ လှိုင်အောင်၏ **"လွတ်လပ်ပြီဆိုရုံမျှဖြင့် ကျေနပ်မနေသင့်ပေ"** (ဆောင်းပါး) စာမျက်နှာ-၈၊ ၉

☆ စိုးမိုး(ပုသိမ်)၏ **"တွဲသောလက်တွေ ခိုင်မြဲစေ"** (ကဗျာ) စာမျက်နှာ-၉

☆ တင်ဝင်း(အင်းစိန်)၏ **"ဝိသမသမား"** (ကာတွန်း) စာမျက်နှာ-၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁-၁-၂၀၀၈
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘိုးဘွားအမွေအနှစ် လွတ်လပ်သောနိုင်ငံတော် ငြိမ်းချမ်းသာယာဖွံ့ဖြိုးစည်ပင်ရေး ကြိုးပမ်းစွမ်းဆောင်

ယနေ့သည် ၂၀၀၈ ခုနှစ် နှစ်သစ်သို့ကူးပြောင်းရောက်ရှိသည့် မင်္ဂလာရှိသော နှစ်သစ်နှစ်ဦး အခါသမယဖြစ်သည်။

တိုင်းရင်းသား သွေးရင်းသားချင်း ဘိုးဘွားတို့၏ အမွေအနှစ် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ပြည့်မြောက်တော့မည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများစွန့်လွှတ်စွန့်စားရယူခဲ့ရသော လွတ်လပ်ရေးနေ့ ကမ္ပည်းမော်ကွန်းတင်နိုင်ခဲ့မှုသည် ယခုကဲ့သို့ နှစ်ဦးအချိန်အခါသမယတွင်ပင်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်ဆင်နွှဲပြီး မတရားသိမ်းပိုက်ခဲ့ရာ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ဇာတိသွေးဇာတိမာန်ဖြင့် အသက်ပေါင်းများစွာ ရင်းနှီးတိုက်ထုတ်ပြီးမှသာ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို စတင်ရေးဆွဲနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသ အစွန်အဖျား တစ်နံတစ်လျားမကျန် နိုင်ငံတစ်ဝန်း၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးနေသည်။ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်၊ ခေတ်မီဆက်သွယ်ရေး နည်းပညာ စသည့်ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်နေသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုများ ဖြစ်တည်ထွန်းကားလျက်ရှိသော အခြေအနေ အချိန်အခါကောင်းတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် လွတ်လပ်ရေးကြိုးပမ်းမှု အစဉ်အလာ၊ စိတ်ဓာတ်၊ အားမာန်အပြည့်အဝဖြင့် နှစ်သစ်၌ ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ကိုင်းကုန်းကျောင်းတိုက်သို့ ဆွမ်းဆန်အိတ် ၅၀နှင့် ဆီပိဿာ ၃၀ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့ရှိ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဦးစီးပဓာနဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတအား ဖူးမြော်ကြည်ညိုကာ ဗဟိုအလုပ်အမှုဆောင်နှင့် မိသားစုများ၊ ဧည့်ပရိသတ်များက ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုက ကိုင်းကုန်းကျောင်းတိုက်သို့ ဆွမ်းဆန်တော် အိတ် ၅၀ နှင့် ဆီပိဿာ ၃၀ ကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းကျေးရွာရှိ သာသနဓဇောတိက မစိုးရိမ်တိုက်သစ်ကျောင်းတိုက်သို့ရောက်ရှိပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးမိသားစုမှ ဆောက်လုပ်လှူဒါန်းသည့် စာသင်တိုက်၊ ဘုရားခန်း၊ မဟာဝိဇယသိမ်တော်နှင့် မဟာဝိဇယစေတီတော်တို့အား လှည့်လည်ကြည်ညိုကြကာ သာသနဓဇောတိက မစိုးရိမ်တိုက်သစ် ကွမ်းမိုးဒိန်းဆရာတော်အား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သာသနဓဇောတိက စာသင်တိုက်၌ ခရမ်းမြို့ရှိ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုက ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်အတွက် ဆွမ်းဆန်တော်အိတ် ၅၀ နှင့် ဆီပိဿာ ၃၀ ကို ဆက်ကပ်လှူဒါန်းစဉ်။
(မွေး/ရေ)

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဘုရားအနေကဇာတင် အလှူမင်္ဂလာပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဘုရားခန်း ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘုရားအနေကဇာတင် ဗုဒ္ဓါဘိသေက အလှူမင်္ဂလာပွဲကို အမှတ်(၂) မွေဒါနလမ်း နတ်ချောင်းရပ်ကွက် တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဇေတဝန်ဆောင်တွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၉နာရီခွဲတွင် ကျင်းပရာ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် တိပိဋကရေ၊ တိပိဋကကောဝိဒ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် ဆရာတော်များက ဘုရားအနေကဇာတင်ခြင်း၊ ငါးပါးသီလချီးမြှင့်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ တက်ရောက်လာသူများက ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာတော်ထံမှ ရေစက်ချ တရားနာယူပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်များ၊ အလှူရှင်များ၊ ဂီတပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

ဒုလ္လဘရဟန်းခံ၊ ရှင်ပြု သီလရှင်ဝတ်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူ ဆရာတော်ကြီး ဦးဥက္ကဋ္ဌ တည်ထောင်ခဲ့သော မူလသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် အလှူရှင်များဖြစ်သော ဦးတင်မောင်လွင်၊ ဒေါ်တင်မမ၊ သား တင့်လွင်ဖြိုး၊ သက်လွင်ဖြိုး မိသားစုတို့က ဒုလ္လဘရဟန်းလောင်း ၃၁ ပါး၊ ရှင်သာမဏေလောင်း ၂၃ ပါးနှင့် သီလရှင်လောင်း ၄၁ ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ ကြွရောက်လာသော ဧည့်သည်များအား ဧည့်ခံကျွေးမွေးပြီး ဇန်နဝါရီ ၃ ရက် ညပိုင်းတွင် ဖျော်အငြိမ့်ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးစဉ်။ (က-ပ)

စမ်းချောင်း အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

စမ်းချောင်း အထက(၁)တွင် ၁၉၆၅ ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက်ပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ (၁၉၆၅-၁၉၈၀) ခုနှစ် ကျောင်းသားဟောင်းများအားလုံး တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားသည်။ ၁၉၆၅ ခုနှစ်မတိုင်မီနှင့် ၁၉၈၀ ပြည့်နှစ်လွန် ကျောင်းသားဟောင်းများလည်း ကြွရောက်ပူဇော်နိုင်ကြပါကြောင်း ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးလှအောင်ရွှေ (ရွှေမိသားစု) ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၃၆၂၊ ဦးစိုးနိုင် (အေးမေတ္တာကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း-၅၆၄၈၀၂၊ ၀၉၈၀-၂၂၀၇၅၊ ဒေါ်ညွန့်ညွန့်အေး ဖုန်း-၆၈၀၈၉၈၊ ဒေါ်မြင့်မြင့်စိန်(စည်ပင်) ဖုန်း-၅၃၆၂၄၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ကြည့်မြင်တိုင်ပန်းပင်ကြီးလမ်းဓမ္မပူဇာသဘင်

ရန်ကုန် ဒီဇင်ဘာ ၃၁

ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း ဘုရားငါးဆူတန်ဆောင်းတော်ကြီး၌ (၁၂)ကြိမ်မြောက် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၅ရက်တွင် ဦးပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ၆ရက် ညနေ ၆နာရီတွင် ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်)၊ ၇ရက်တွင် အရှင်စန္ဒသိရီ (မိုးကုတ်အဖွဲ့ချုပ် နာယက)၊ ၈ရက် ည ၈နာရီခွဲတွင် အရှင်စန္ဒသာရ(ကျောင်းကုန်း)၊ ၉ရက်တွင် အရှင်ပညာသီဟ(ရွှေညဝါ)၊ ၁၀ရက်ည ၈နာရီခွဲတွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ၁၁ရက်တွင် ဦးခေမိန္ဒ(စစ်ကိုင်းဆရာတော်)နှင့် ၁၂ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်း) ဆရာတော်တို့က ည ၇နာရီမှစ၍ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းမှ အားကစားသမားများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံး စပေးဘောဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းမှ စအောင်ဇော်ဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲတွင် အကောင်းဆုံး ခုခံဆယ်မဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နံပါတ်(၁) ကျော်လွင်မိုးအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

အဆိုပါ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများ၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဘော်လီဘော အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားဝန်ကြီးဌာနအသင်းက သုံးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်း၊ ဒုတိယဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အကောင်းဆုံး စပေးဘော ဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းမှ နံပါတ်(၈) စအောင်ဇော်ဇော်၊ အကောင်းဆုံး ပင့်ထောင်ဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်းမှ နံပါတ်(၂) လှထွေးနှင့် အကောင်းဆုံး ရိုက်ခုတ်ဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာနအသင်းမှ နံပါတ်(၁၀) ဇာနည်ဟိန်းတို့အား ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အကောင်းဆုံး ပိတ်ဆို့ဆုရရှိသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ နံပါတ်(၈) အေးမင်းထွန်းနှင့် အကောင်းဆုံး ခုခံဆယ်မဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နံပါတ်(၁) ကျော်လွင်မိုး တို့အား ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အကောင်းဆုံး ဘော်လီဘောအားကစားသမားဆု ရရှိသည့် အားကစားဝန်ကြီးဌာနအသင်းမှ နံပါတ်(၈) စအောင်ဇော်ဇော်အား ငွေသားဆုကိုလည်းကောင်း၊ စတုတ္ထဆုရရှိသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် အားကစားဝန်ကြီးဌာနအသင်းတို့အား ငွေသားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြိုင်ပွဲ၌ ပထမဆုရရှိသော အားကစား ဝန်ကြီးဌာန ဘော်လီဘောအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ပြီး ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ၌ ပထမဆုရရှိသော အားကစားဝန်ကြီးဌာန ဘော်လီဘောအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတ နိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက် ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖိလစ်ပိရပ်ရှခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၈ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထွေထွေ ရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ မ,တည်အလှူရှင် ဦးသူရိန်မြင့်ရွှေ–ဒေါ်စန္ဒာတင်ထွန်းမိသားစုနှင့် မအူပင်မြို့ မိဘဂုဏ်ရည်သွေးလှူရှင်အသင်းတို့မှ ဆေးဝါးကုသမှုခံယူလျက်ရှိသောလူနာများအတွက် စုပေါင်းသွေးလှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင် ကျေးဇူးတင်ဂုဏ်ပြုစကား ပြန်လည်ပြောကြားစဉ်။ (က–ပ)

ပါကစ္စတန်နိုင်ငံတစ်ဝန်း မတည်မငြိမ်ဖြစ်လာနိုင်မှုကြောင့် အိန္ဒိယနယ်စပ်၌ အမြင့်ဆုံးအဆင့် တပ်လှန့်ထား

နယူးဒေလီ ဒီဇင်ဘာ ၃၀

ဘနာဇီဘူတိုလုပ်ကြံ သတ်ဖြတ်ခံရမှုကြောင့် ပါကစ္စတန်နိုင်ငံတစ်ဝန်း မတည်မငြိမ်မှုများ ဖြစ်လာနိုင်သဖြင့် အိန္ဒိယအစိုးရက ယင်း၏ နယ်စပ်ဒေသရှိ တပ်ဖွဲ့ဝင်များကို အမြင့်ဆုံးအဆင့်အဖြစ် တပ်လှန့်ထားလိုက်သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့၏ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ရရှိခဲ့သည့် ငြိမ်းချမ်းရေးအစီအစဉ်သည် ပျက်ပြားခဲ့ပြီး ဆက်ဆံရေးတင်းမာခဲ့သည်။

ပြောကြား

အထူးသဖြင့် ခြိမ်းခြောက်မှုအန္တရာယ်မရှိခဲ့လင့်ကစား နယ်စပ်စောင့်တပ်ဖွဲ့ဝင်များကို သတိဝီရိယဖြင့် နေထိုင်ရန် တပ်လှန့်ထားကြောင်း အိန္ဒိယ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ပါကစ္စတန်တွင် ပဋိပက္ခပေါ်ပေါက်တိုင်း တုံ့ပြန်သည့်အနေဖြင့် အိန္ဒိယအစိုးရက ယင်း၏တပ်ဖွဲ့ဝင်များကို တပ်လှန့်ရန် အမိန့်ထုတ်လေ့ရှိသည်။

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က ပါကစ္စတန်တစ်ဝန်း အရေးပေါ်အခြေအနေကြေညာစဉ်က အိန္ဒိယက ယင်း၏တပ်ဖွဲ့ဝင်များကို တပ်လှန့်ထားခဲ့သည်။

အိန္ဒိယက ပါကစ္စတန်အတွင်း မငြိမ်မသက်ဖြစ်မှုသည် နယ်စပ်မှတစ်ဆင့် အိန္ဒိယသို့ ကူးစက်လာနိုင်ပြီး အိန္ဒိယမြို့ကြီးများနှင့်ကက်ရှ်မီးယားဒေသတို့တွင် စစ်သွေးကြွများ၏ တိုးမြှင့်တိုက်ခိုက်မှုများပေါ်ပေါက်လာမည်ကို စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဒီဇင်ဘာ ၂၈ ရက်က တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပသည့် အိန္ဒိယ-တရုတ်နှစ်နိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေး လေ့ကျင့်မှု၌ ပါဝင်သည့် အိန္ဒိယတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ *ဓာတ်ပုံ-အင်တာနက်)*

ဂါဇာဒေသသို့ ပေးပို့သည့် ဖောက်ခွဲရေးပစ္စည်းများ အစ္စရေးတပ်ဖွဲ့ သိမ်းဆည်းရမိ

ဂျေရုဆလင် ဒီဇင်ဘာ ၃၁

ဟားမတ်စ်တို့ ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသသို့ တင်သွင်းလာသည့် ဥရောပသမဂ္ဂမှ ပံ့ပိုးသော ပစ္စည်းထုပ်များအတွင်း ဝှက်၍ သယ်ဆောင်လာသည့် ဖုံးလုပ်သော ဓာတုဗေဒပစ္စည်းများကို ဒီဇင်ဘာ ၂၉ ရက်က အစ္စရေးတို့က ဖမ်းဆီးရမိကြောင်း သတင်းက ဖော်ပြသည်။

သကြားဟု အမှတ်အသားပြုလုပ်၍ ပေးပို့လာသော အထုပ်များအတွင်း ပေါက်ကွဲစေတတ်သော ပစ္စည်းများပြုလုပ်ရန် သုံးစွဲနိုင်သည့် ပိုတက်စီယံနိုက်ထရိတ် ၆ ဒသမ ၅တန်ကို အစ္စရေးစစ်ဘက်က ဖမ်းဆီးရမိသည်။

ဖော်ပြပါ သတင်းနှင့် ပတ်သက်၍ ဟုတ်မှန်ခြင်း ရှိ၊မရှိ မိမိတို့ လေ့လာလျက်ရှိကြောင်း၊ အကယ်၍ ဟုတ်မှန်ကြောင်း တွေ့ရလျှင် ယခုကိစ္စသည် မလုပ်သင့်မလုပ်ထိုက်သော တရားမဝင်သည့် ကိစ္စဖြစ်၍ မိမိတို့က ရှုတ်ချကြောင်း ဥရောပသမဂ္ဂမှ အရာရှိများက ပြောကြားသည်။

ထိုပစ္စည်းများကို အနောက်ဘက်ကမ်းရှိ အစ္စရေးစစ်ဆေးရေးဂိတ်တစ်ခုကို ဖြတ်သန်းရန် ကြိုးပမ်းသည့် ပါလက်စတိုင်းကုန်တင်ကားတစ်စီးပေါ်မှ ပြီးခဲ့သော သီတင်းပတ်အနည်းငယ်က ဖမ်းဆီးရမိခြင်းဖြစ်သည်ဟု ဆိုသည်။

ဥရောပသမဂ္ဂအဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာသော အကူအညီအများဆုံးထောက်ပံ့ပေးကမ်းနေသော အဖွဲ့ဖြစ်သည်။ ထိုဒေသကို ဇွန်လအတွင်းကဟားမတ်စ်အဖွဲ့များက သိမ်းပိုက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ နိုင်ငံတကာသတင်းများ

The Mirror

ဂါဇာရှိ ဥမင်လမ်းပြိုကျ ပါလက်စတိုင်း ရှစ်ဦး ဒဏ်ရာရ

ဂါဇာစီးတီး ဒီဇင်ဘာ ၃၀

ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နိုင်ငံကို ပိုင်းခြားထားသည့် နယ်စပ်တစ်လျှောက်၌ တူးဖော်လျက်ရှိသည့် ဥမင်လိုဏ်ပြိုကျသဖြင့် ပါလက်စတိုင်း ရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဆေးဝန်ထမ်းများနှင့် မျက်မြင်တွေ့ရှိသူများက စနေနေ့တွင်ပြောကြားသည်။

ထိုဥမင်လမ်းသည် ဂါဇာကမ်းမြောင်တောင်ဘက် ရာဖာမြို့အနီးတွင် တည်ရှိသည်။ ကယ်ဆယ်ရေးသမားများသည် ဥမင်လိုဏ် အပြိုအပျက်များအောက်ရှိ ပါလက်စတိုင်းများကို ဆက်လက် ရှာဖွေနေကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အသုံးချ

ပါလက်စတိုင်းများသည် ဂါဇာနှင့် အီဂျစ်နိုင်ငံအကြား နယ်ခြားဒေသအောက်တွင် ဥမင်လိုဏ် အများအပြား တူးဖော်ထားသည်ဟု အစ္စရေးတို့က စွပ်စွဲသည်။ ထိုဥမင်လမ်းများကို ဂါဇာဒေသအတွင်း လက်နက်များ မှောင်ခိုသွင်းရာ၌ အသုံးချပြီး ထိုလက်နက်များဖြင့် ပါလက်စတိုင်းတို့က အစ္စရေးကို တိုက်ခိုက်သည်ဟု အစ္စရေးစစ်ဘက်က စွပ်စွဲသည်။

အစ္စရေးတပ်ဖွဲ့များသည် ၂၀၀၅ ခုနှစ်စက်တင်ဘာလအထိ ထိုနယ်ခြားဒေသကို ထိန်းချုပ်ထားသည်။ အီဂျစ်တို့အနေဖြင့် လက်နက်မှောင်ခိုဥမင်လိုဏ်များကို ထိန်းချုပ်ရမည့် အစား ပါလက်စတိုင်းတို့ လက်နက်များ သယ်ရာတွင်ပင် အကူအညီပေးကြသည်ဟု အစ္စရေးတို့က စွပ်စွဲသည်။

အင်တာနက်။

ချီမေအော်ပတို အီလက်ထရွန်နစ် ကော်ပိုရေးရှင်းက ထုတ်လုပ်သည့် ကွန်ပျူတာအမျိုးအစားသစ်အား စင်ကာပူ အရောင်းဆိုင်တစ်ဆိုင်၌ ပြသနေသည်ကို ဒီဇင်ဘာ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသည်ဗီဇာဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်မှု ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းချုပ်မည်

မနီလာ ဒီဇင်ဘာ ၃၀

ကမ္ဘာလှည့်ခရီးသွားဗီဇာ အသုံးပြု၍ စင်ကာပူ၊ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့်ဟောင်ကောင်ဒေသတို့တွင် ဖိလစ်ပိုင်လူမျိုးများ တရားမဝင် အလုပ်လုပ်ကိုင်နေမှုကို ထိန်းချုပ်သွားရန် ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးဌာန အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် သန္နိဋ္ဌာန်ချလိုက်သည်။

မိမိတို့အနေဖြင့် ပြည်ပတွင်အလုပ်လုပ်ကိုင်နေသည့် ဖိလစ်ပိုင်လူမျိုးများ နှိပ်စက်ညှဉ်းပန်းခံရမှုနှင့် အမြတ်ထုတ်ခံရမှု မရှိစေရန် ကာကွယ်ပေးရမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဌာနအကြီးအကဲ မာရိုလီနိုလစ်ဘာနန်အား ကိုးကား၍ ဖိလစ်ပိုင်ဒေလီအင်ကွားရားသတင်းစာက ရေးသားသည်။

ဗီဇာ

ပြည်ပတွင် ကမ္ဘာလှည့်ခရီးသည်ဗီဇာဖြင့် အလုပ်လုပ်ကိုင်မှု မရှိစေရန် ဥပဒေစည်းမျဉ်း တင်းကျပ်မည်ဖြစ်ကြောင်း လစ်ဘာနန်က ပြောကြားသည်။ ဖိလစ်ပိုင်မှ ထွက်ခွာမည့် ခရီးသည် ၄၄၂ ဦးအနက် ၃၀၀ ခန့်သည် ကမ္ဘာလှည့်ခရီးသည် ဗီဇာဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့်သူများ ဖြစ်ဖွယ်ရှိသည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒီဇင်ဘာ ၂၈ ရက်က ရုရှားနိုင်ငံ ဇီလီဇနိုဂေါ့မြို့ရှိ နည်းပညာသိပ္ပံတွင် ဂလိုနက်စ်ဂြိုဟ်တု တပ်ဆင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စားသောက်ဆိုင် မီးလောင် မိန်းကလေး လေးဦးသေဆုံး

ဘရပ်ဆယ် ဒီဇင်ဘာ ၃၀

နယ်သာလန်နိုင်ငံ တောင်ပိုင်းရှိ တရုတ်စားသောက်ဆိုင် တစ်ဆိုင်တွင် ဒီဇင်ဘာ ၂၄ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ မိန်းကလေး လေးဦး သေဆုံးကြောင်း တရုတ်သံရုံးက ဆင်ဟွာသတင်းဌာနသို့ ဒီဇင်ဘာ ၃၁ရက်တွင် ပြောကြားသည်။

အာနီမူအီဒင်မြို့ရှိ စားသောက်ဆိုင်ပိုင်ရှင်သည် သေဆုံးသူ မိန်းကလေးများ၏ ဖခင်ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် ၎င်းမိန်းကလေးများသည် ပထမထပ်တွင် အိပ်ပျော်လျက်ရှိနေခဲ့သည်။ မီးလောင်မှုဖြစ်ပွားရခြင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

သေဆုံးသူ မိန်းကလေးများသည် အသက်တစ်နှစ်၊ သုံးနှစ်၊ ခုနစ်နှစ်နှင့် ရှစ်နှစ်အသီးသီးရှိကြသည်။ ဖခင်မှာ တရုတ်လူမျိုးဖြစ်ပြီး မိခင်မှာ ဗီယက်နမ်နှင့် ဒတ်ချ်ကပြား အမျိုးသမီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုက်ခိုက်ရေးသမားများနှင့် တွေ့ဆုံအသံလွှင့်မှုကြောင့် ဆိုမာလီယာ ရေဒီယိုအသံလွှင့်ဌာနအား ပိတ်ပင်

မိုဂါဒစ်ရှူး ဒီဇင်ဘာ ၂၈

ဆိုမာလီနိုင်ငံမှ ရေဒီယိုအသံလွှင့်ဌာနက အစ္စလာမ္မစ်တိုက်ခိုက်ရေးသမားများနှင့်တွေ့ဆုံမေးမြန်းခန်း ထုတ်လွှင့်မှုကြောင့် ဆိုမာလီမြို့တော်၏ မြို့တော်ဝန်က အဆိုပါ ရေဒီယိုအသံလွှင့်ဌာနကို ဗုဒ္ဓဟူးနေ့က ပိတ်ပင်ကြောင်း ပြောကြားသည်။ မိုဂါဒစ်ရှူးမြို့တော်ဝန် မိုဟာမက်ဒီရီက အဆိုပါရေဒီယို အသံလွှင့်ဌာနကို ရက်အကန့်အသတ်မရှိ ပိတ်ပင်ထားရန် မိမိတို့ထံသို့ ဖုန်းဆက် ပြောကြားသည်ဟု အဆိုပါအသံလွှင့်ဌာနမှ ထိပ်တန်းသတင်းထောက် အဗ္ဗဒူဘာဒါက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ မိုဟာမက်ဒီရီ၏ရုံးက ယင်းကိစ္စအပေါ် ရုတ်ခြည်းအားဖြင့် ဝေဖန်မှုမရှိသေးပေ။

အဆိုပါ ရေဒီယိုအသံလွှင့်ဌာနက အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့မှ အဖွဲ့ဝင် အာမက်မိုဟာမက်ကာရီနှင့် တွေ့ဆုံမေးမြန်းခဲ့မှုနှင့် ပတ်သက်၍ မြို့တော်ဝန်က မကျေမနပ်ဖြစ်ခဲ့ကြောင်း ဘာဒါကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာ နိုင်ငံရေးသတင်းများ

ပါကစ္စတန် အတိုက်အခံပါတီဥက္ကဋ္ဌနေရာ ဘူတို၏သား ဘီလာဝါလ်ကိုရွေးချယ်

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၃၁

မကြာသေးမီကလုပ်ကြံခံရသူ ပါကစ္စတန်နိုင်ငံအတိုက်အခံပါတီ၏ခေါင်းဆောင် ဘနာဇီယာဘူတို၏သား ဘီလာဝါလ်အား ပြည်သူ့အာဏာပါတီ (ပီပီပီ)၏ ဥက္ကဋ္ဌရာထူးနေရာကို ဒီဇင်ဘာ ၃၀ ရက်က အပ်နှင်းလိုက်ကြောင်း ရုပ်သံသတင်းဌာနက ထုတ်လွှင့်သွားသည်။

ထို့အပြင် ပီပီပီ ပါတီ၏ တွဲဖက်ဥက္ကဋ္ဌနေရာကို သေဆုံးသွားသူဘူတို၏ခင်ပွန်း အာဆစ်ဖ်အလီဇာဒါရီအား ခန့်အပ်ကြောင်းလည်းသိရသည်။ တနင်္ဂနွေနေ့တွင် ဆင်းပြည်နယ်၊ နအူဒီရိုမြို့ရှိ ဘူတို၏နေအိမ်တွင် အရေးပေါ် ဗဟိုကော်မတီအစည်းအဝေးကျင်းပပြီး အသက် (၁၉)နှစ် အရွယ်ရှိ ဘူတို၏သားဖြစ်သူ ဘီလာဝါလ်အား ပါတီဥက္ကဋ္ဌနေရာကိုပေးရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

ပီပီပီ ပါတီ၏ဝါရင့်ခေါင်းဆောင်များ၏ အကူအညီဖြင့် သားဘီလာဝါလ်သည် ပါတီ၏လုပ်ငန်းများကို ထိန်းကျောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပါတီအနေဖြင့် ပါကစ္စတန်တွင်ကျင်းပမည့် ဇန်နဝါရီ ၈ရက်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်ဆုံးဖြတ်ထားပြီး ဖြစ်သည်ဟုဆိုသည်။ သို့သော်အာဏာရ အစိုးရသတင်းရပ်ကွက်၏ အဆိုအရ ဇန်နဝါရီတွင် ကျင်းပမည့် ရွေးကောက်ပွဲကို သုံးလမှလေးလအထိ အချိန်ရွှေ့ပြောင်းနိုင်ဖွယ်ရှိသည်ဆိုသောသတင်းများလည်း ထွက်ပေါ်နေသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ဘနာဇီယာဘူတို သေဆုံးသည့် မှတ်တမ်းပုံများ ပါကစ္စတန်ရုပ်သံမှ ထုတ်လွှင့်ပြသ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၃၁

အတိုက်အခံခေါင်းဆောင်ဘနာဇီယာဘူတို သေဆုံးပုံ မှတ်တမ်းဓာတ်ပုံများကို ပါကစ္စတန် ရုပ်မြင်သံကြားဌာနက ဒီဇင်ဘာ ၃၀ရက်တွင် ထုတ်လွှင့်ပြသသွားသည်။

ထိုဓာတ်ပုံတွင် လုပ်ကြံသူများဟု ယူဆရသူနှစ်ဦး၏ မရှင်းလင်းသော၊ ဝါးနေသည့် ရုပ်ပြိမ်ဓာတ်ပုံများပါရှိသည်။

ဘူတိုသည် ကျည်မဖောက်နိုင်သော ကား၏ အမိုးပေါက်မှထွက်၍ ၎င်းအား အားပေးသူများအား နှုတ်ဆက်စဉ် ပစ်ခတ်လုပ်ကြံခံရခြင်းဖြစ်သည်။

ထိုလုပ်ကြံသူနှစ်ဦးမှာ အခင်းဖြစ်ပွားစဉ်က ဘူတိုလိုက်ပါလာသောကားမှ ၁၀ပေခန့်အကွာတွင် ရှိနေကြသည်။ သေနတ်သံသုံးချက်ဦးစွာကြားရပြီးမှ ဗုံးပေါက်ကွဲသွားခြင်းဖြစ်သည်ဟု ဆိုသည်။ အစိုးရ၏ ကြေညာချက်တွင် ဘူတိုသေဆုံးရခြင်းမှာ သေနတ်ဒဏ်ရာ၊ ဗုံးဒဏ်ရာကြောင့်မဟုတ်ဟု ဖော်ပြထားသည်။ ဗုံးအရှိန်ကြောင့် ကားအမိုးနှင့် ဦးခေါင်းရိုက်မိ၍ ဦးခွံကွဲကာ သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

မိသားစု၏ မေတ္တာရပ်ခံချက်အရ ဘူတိုအား ရင်ခွဲရုံ၌ စစ်ဆေးမှုပြုလုပ်ခြင်း မရှိကြောင်း သတင်းက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဘီလာရုစ်ကို အမေရိကန်က ပိတ်ပင်မှုအသစ်ပြုလုပ်လျှင် ကန်သံအမတ်ကို နှင်ထုတ်မည်ဟု ပြန်လည်ခြိမ်းခြောက်

မင့်စ် ဒီဇင်ဘာ ၃၁

အမေရိကန်နိုင်ငံက ဘီလာရုစ်နိုင်ငံအပေါ် ပိတ်ပင်မှုအသစ်များပြုလုပ်လာလျှင် ဘီလာရုစ်နိုင်ငံသည် တုံ့ပြန်သောအားဖြင့် အမေရိကန်သံအမတ်ကြီးကို လက်မခံဘဲ နှင်ထုတ်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာနှင့် ကုန်သွယ်မှုပြုလုပ်နေသည်များကိုလည်း ပိတ်ပင်မည်ဖြစ်ကြောင်း သမ္မတ အလက်ဇန္ဒားလျူကာရှင်ကိုက ဒီဇင်ဘာ ၃၀ရက်တွင် ပြောကြားသည်။

ဘီလာရုစ်သမ္မတ အမေရိကန်သို့ လာရောက်သည်ကို ခွင့်မပြုဘဲ ပိတ်ပင်ခြင်း၊ ဘီလာရုစ်နိုင်ငံ ရေနံလုပ်ငန်းနှင့် စီးပွားရေး အဆက်အဆံပြုလုပ်သည်ကိုတားမြစ်ခြင်း၊ အမေရိကန်၏အာဏာစက်အတွင်း ကျရောက်နေသော ဘီလာရုစ်နိုင်ငံ၏ ရပိုင်ခွင့်များကို အထုတ်အသွင်းမလုပ်နိုင်အောင် ပိတ်ပင်ခြင်းများ အမေရိကန်က ပြုလုပ်ထားသည်။

အမေရိကန်၏ပိတ်ပင်မှုများတိုးလာလျှင် မိမိတို့သည် ဒေါ်လာကိုအသုံးမပြုတော့ဘဲ ယန်းငွေ၊ ယွမ်ငွေနှင့် ယူရိုငွေ စသည့် အခြားငွေကြေးများကို ပြောင်းလဲသုံးစွဲနိုင်သည်။ လုံလောက်သော အရန်ငွေကြေးများလည်း စုဆောင်းထား ပြီးဖြစ်သည်ဟု သမ္မတ လျူကာရှင်ကိုက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ***

ပါလက်စတိုင်း လက်နက်ကိုင်အုပ်စုများကို ဖြည်းဖြည်းချင်း ဖျက်သိမ်းသွားမည်

ရာမာလာ(အနောက်ဘက်ကမ်းဒေသ) ဒီဇင်ဘာ ၃၁

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်နှင့် နီးစပ်သည့် ဖာတာလက်နက်ကိုင် အုပ်စုများအပါအဝင် ပါလက်စတိုင်းလက်နက်ကိုင်အုပ်စုများကို ပါလက်စတိုင်းအစိုးရက ဖြည်းဖြည်းချင်း ဖျက်သိမ်းသွားမည်ဟု ပါလက်စတိုင်း ထိပ်တန်းလုံခြုံရေး အသိုင်းအဝိုင်းက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ပြောကြား

ထိုသို့ ဖျက်သိမ်းလိုက်သောအခါ ဖာတာအုပ်စုနှင့် နီးစပ်သော အယ်အာဆာသူရဲကောင်းတပ်ဖွဲ့ကဲ့သို့သော လက်နက်ကိုင်အဖွဲ့များလည်း ပါဝင်မည်ဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီး အဗ္ဗဒယ်လ်ရာဇက်အယ်ယာရာက ပါလက်စတိုင်းအသံရေဒီယိုသို့ ပြောကြားသည်။

မကြာမီက နယ်စပ်ဒေသတွင် ပါလက်စတိုင်း လက်နက်ကိုင်များနှင့် အစ္စရေးတပ်ဖွဲ့များ ပစ်ခတ်မှုဖြစ်ပွားသောကြောင့် အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည်။ ထိုကိစ္စဖြစ်ပွားပြီးနောက်ပိုင်းတွင် ပါလက်စတိုင်း လက်နက်ကိုင်များကို ဖျက်သိမ်းသွားမည်ဆိုသောသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

ပါလက်စတိုင်းနိုင်ငံပေါ်ထွက်ရေး

အရှေ့အလယ်ပိုင်းဒေသတွင် ၂၀၀၈ခုနှစ်ကုန်ပိုင်း၌ ပါလက်စတိုင်းနိုင်ငံတစ်ခု ပေါ်ထွက်လာနိုင်ရေးအတွက် ပါလက်စတိုင်းသမ္မတ အာဘတ်စ်နှင့် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်တို့သည် အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် အင်နာပိုလိစ်မြို့တွင် ဆွေးနွေးစဉ်က သဘောတူညီခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror ထူးထူးခြားခြား ကမ္ဘာ့အကြီးဆုံးစံချိန်တင် သီးနှံများ

အကြီးဆုံးရွှေဖရုံသီး

အမေရိကန်နိုင်ငံ ရိုဒီအိုင်းလင်းဒေသမှ ခြံတောင်သူ ရွန်ဝေါလေ့ဆိုသူက ၂၀၀၆ခုနှစ် အောက်တိုဘာ ၇ရက်တွင် တင်သွင်းပြသသည့် ရွှေဖရုံသီးကြီးမှာ ကမ္ဘာပေါ်၌ အလေးချိန်အစီးဆုံး အကြီးဆုံးရွှေဖရုံသီးအဖြစ် မှတ်တမ်းဝင်သွားသည်။ **(ယာပုံ)**

အဆိုပါရွှေဖရုံသီးကြီးမှာ ၆၈၁ ဒသမ ၃ကီလို (၁၅၀၂ပေါင်) အလေးချိန်ရှိသည်ဟု ဆိုသည်။

အရှည်ဆုံး သခွားသီး

၂၀၀၆ ခုနှစ် စက်တင်ဘာလက ယူနိုက်တက်ကင်းဒမ်း၌ပြုလုပ်သည့် အဖွံ့ထွားဆုံးသီးနှံ တံခွန်စိုက်ပြိုင်ပွဲတွင် အဲလ်ဖရက်ဂျေကော့ဘ် တင်သွင်းယှဉ်ပြိုင်သော သခွားသီးကြီး**(အောက်ပုံ)** သည် ၈၉ ဒသမ ၂ စင်တီမီတာ (၃၅ဒသမ၁ လက်မ)အရှည်ရှိပြီး တံခွန်စိုက်ဆု ဆွတ်ခူးသွားသည်။



အကြီးဆုံးပန်းသီး

၂၀၀၅ ခုနှစ် အောက်တိုဘာ ၂၄ရက်က ဂျပန်နိုင်ငံ ဟီရိုဆာကီမြို့ရှိ ချီဆာတိုအီဝါဆာကီ ဆိုသူ၏ဥယျာဉ်ခြံမှ ဆွတ်ခူးရရှိသော ပန်းသီးကြီး**(အပေါ်ပုံ)**သည် အလေးချိန် ၁ဒသမ၈၄၉ကီလို (၄ပေါင် ၁အောင်စ) ရှိသဖြင့် ကမ္ဘာ့အကြီးဆုံးပန်းသီးအဖြစ် မှတ်တမ်းဝင်သွားသည်။

လီဗာပူးနှင့် မန်စီးတီး ဂိုးမရှိသရေကျ ဒါဘီအသင်းကို ဘလက်ဘန်းအနိုင်ရ

နိုင်ငံတကာ အားကစားသတင်း

လန်ဒန် ဒီဇင်ဘာ ၃၁

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ကျင်းပသည်။ မန်ချက်စတာစီးတီး ဘောလုံးကွင်း၌ လီဗာပူးအသင်းနှင့် မန်ချက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေကျခဲ့ကြသည်။

လီဗာပူးအသင်းသည် မန်ချက်စတာစီးတီးအသင်းထက် ဂိုးသွင်းနိုင်သည့် အခွင့်အလမ်းများ ရရှိခဲ့သော်လည်း ဂိုးမရရှိခဲ့ပေ။ ပွဲချိန် ၈၆မိနစ်တွင် ဒက်ကွတ်က ခေါင်းတိုက် ဂိုးသွင်းခဲ့သော်လည်း အချိန်အဆ လွဲချော်ကာ အကောင်းဆုံးအခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

လီဗာပူးအသင်းမှဖာနန်ဒိုတောရက်စ်သည် အိမ်ရှင်အသင်း၏ နောက်တန်းကို မကြာခဏ ထိုးဖောက်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်ကြိမ် တိုင်တိုင် ဂိုးသွင်းလုဆဲဆဲ အနေအထားအထိ ရောက်ရှိခဲ့သည်။

ဒီဇင်ဘာ ၃၀ရက်က ပရိုက်ဒ်ပါ့ခ် ကွင်းတွင် ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပွဲ၌ ဘလက်ဘန်းရိုဗာအသင်းက ဒါဘီကောင်တီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒါဘီကောင်တီအသင်းသည်လက်ရှိဘောလုံးရာသီတွင် အတန်းတက်လာသည့် အသင်းဖြစ်ပြီး အမှတ်ပေးဇယား၌ အောက်ခြေတွင်သာရှိနေရာ တန်းဆင်းဖုန်သို့ဦးတည်လျက်ရှိသည်။ဒါဘီအသင်းသည်အိမ်ကွင်းတွင်ခြောက်ပွဲဆက်တိုက် ရှုံးနိမ့်မှုနှင့် တွေ့ကြုံရပြီး ၁၄ပွဲ ကစားခဲ့ရာ၌ တစ်ပွဲမျှ အနိုင်မရရှိခဲ့ပေ။

ပွဲချိန် ၂၇မိနစ်တွင် ဒါဘီအသင်းမှ အုတ်ကလေက ဂိုးသွင်းခဲ့ပြီးနောက် ပွဲချိန် ၃၉မိနစ်တွင် ဘလက်ဘန်းအသင်းမှဆန်တာခရုဇ်ကချေပဂိုးသွင်းယူနိုင်ခဲ့သည်။ဘလက်ဘန်းအသင်းအတွက် အနိုင်ဂိုးကို ပွဲချိန်၄၂မိနစ်တွင် ဘန့်တလေကသွင်းယူခဲ့သည်။

အင်တာနက်

ဒီဇင်ဘာ ၃၀ရက်က ကျင်းပသည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဘလက်ဘန်းအသင်းမှဘန်နီမက္ကာသီ (ဝဲ) နှင့် ဒါဘီကောင်တီအသင်းမှ ကလော့ဒေးဗီးယစ်တို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်ကြစဉ်။

ဓာတ်ပုံ–အင်တာနက်

ထွန်းဖောင်ဒေးရှင်း စာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဒီဇင်ဘာ ၃၁

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ပရိသတ်တိုးပွားရေးနှင့် စာကောင်းပေမွန်များပေါ်ထွက်ရေးကို ပါဝင်ထောက်ကူသောအားဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုဟူ၍ ၂၀၀၅ ခုနှစ် မတ်လမှစပြီးဆောင်ရွက်ခဲ့သည်။ ထို့နောက် ယှဉ်ပြိုင်ရန် စာအုပ်စာမူများဖိတ်ခေါ်ခဲ့ပြီး ဒုတိယအကြိမ်ချီးမြှင့်မည့် ၂၀၀၆ ခုနှစ်အတွက် ဆုချီးမြှင့်ရန်ရွေးချယ်ရရှိသည့် စာအုပ်စာမူ စာရင်းကို ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုတွင် စာအုပ်ဆုနှင့် ယှဉ်ပြိုင်သော စာမူဆုဟူ၍ သတ်မှတ်ထားရာ ၂၀၀၆ခုနှစ်အတွင်း ထုတ်ဝေသောစာအုပ်များနှင့် စည်းကမ်းနှင့်အညီ ယှဉ်ပြိုင်တင်သွင်းသော စာမူများကို ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီမှ ခန့်အပ်သော ဆုရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

စာပေဆုများကို ဘာသာရပ်(၈)မျိုးထားရှိပြီး ဘာသာရပ်တစ်မျိုးလျှင် စာအုပ်၊ စာမူ၊ အင်္ဂလိပ်ဘာသာဟူ၍ ဆုသုံးမျိုးစီသတ်မှတ်ထားသည်။

၂၀၀၆ ခုနှစ်အတွက် ထုတ်ဝေသော မြန်မာစာအုပ်များထဲမှ ဆုချီးမြှင့်ရန် ရွေးချယ်ထောက်ခံရရှိသော ဘာသာရပ်(၇)မျိုးပါဝင်သည့် စာအုပ်များမှာ–

- သမိုင်းဘာသာရပ်အတွက် ခင်ခင်ထူးရေးသားသော **"အညာသူအညာသားကျွန်မဆွေမျိုးများ"** စာအုပ်၊
- အတ္ထုပ္ပတ္တိဘာသာရပ်အတွက် မိုးမိုးတာရောစန်ရေးသားသော **"ကိုယ်နှင့်သက်ကို နှင်းဆက်အပ်မည်"** စာအုပ်၊
- ကလေး၊ လူငယ်ဘာသာရပ်အတွက် ဂျူနီယာဝင်းဘာသာပြန်သော **"အဲလစ်စ်နှင့် အံ့ဖွယ်ကမ္ဘာ"** စာအုပ်၊
- ယဉ်ကျေးမှုဘာသာရပ်အတွက် ဝင်းမောင်(တမ္ပဝတီ) ရေးသားသော **"မြန်မာမှုသုတေသနစာ"** စာအုပ်၊
- ကျန်းမာရေးဘာသာရပ်အတွက် ဒေါက်တာစိုးလွင် ရေးသားသော **"ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ"** စာအုပ်၊
- ရှေးဟောင်းကျမ်းဘာသာရပ်အတွက် ဒေါက်တာတိုးလှ (မြန်မာ့သမိုင်းအဖွဲ့ဝင်)တည်းဖြတ်သည့် **"ဟံသာဝတီဆင်ဖြူရှင် အရေးတော်ပုံမော်ကွန်းဥဒါန်း–ဥဿရောအမတ်ကြီး"** စာအုပ်၊
- ရည်ညွှန်းကျမ်းဘာသာရပ်အတွက် မောင်ဝံသရေးသားသော **"အတ္ထုပ္ပတ္တိအဘိဓာန်"** စာအုပ်တို့ဖြစ်သည်။
- **စီးပွားရေးဘာသာရပ်**အတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိပါ။

၂၀၀၆ခုနှစ်အတွက် ပါဝင်ယှဉ်ပြိုင်သော စာအုပ်အဖြစ်ထုတ်ဝေနိုင်မည့် စာမူများအလိုက် ဘာသာရပ်(၈)မျိုးသတ်မှတ်သည့်အနက်–

- သမိုင်းဘာသာရပ်အတွက် မောင်နွယ်သန်းရေးသားသော **"မြန်မာ–မဏိပူရ စစ်သမိုင်း"** စာမူ၊
- အတ္ထုပ္ပတ္တိဘာသာရပ်အတွက် လှတိုး (စိတ်ပညာ) ရေးသားသော **"ရန်အောင်၏စာပေခရီးတစ်ခု"** စာမူ၊
- ယဉ်ကျေးမှုဘာသာရပ်အတွက် မင်းဘူးအောင်ကြိုင် ရေးသားသော **"လက်ရာအစုံနဂါးရုံ"** စာမူ၊
- **ရှေးဟောင်းကျမ်းဘာသာရပ်**အတွက် မြမြချိုရေးသားသော **"ရှေးဟောင်း မွန်ခေါင်းလောင်းစာမှ လေးနက်နိုင်မာသည့် စံပြုဖွယ် စာပေအထောက်အထားများ"** စာမူတို့ ဖြစ်သည်။
- အင်္ဂလိပ်ဘာသာဖြင့် ပြုစုရေးသားယှဉ်ပြိုင်သော စာအုပ်များအနက်–
- သမိုင်းဘာသာရပ်အတွက် ဒေါ်ကြန်ရေးသားသော "Selected Writings of Daw Kyan (Bilingual)" စာအုပ်နှင့်
- ရှေးဟောင်းကျမ်းဘာသာရပ်အတွက် ရှေးဟောင်းစာပေသုတေသီ ဦးထွန်းရီ စုဆောင်းတည်းဖြတ်၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသော ကုန်းဘောင်ခေတ်ဖြတ် စာပေါင်းချုပ် "Collection of Hpyat-Sar, Legal Cases and Court Decision of Myanmar Kon-Baung Period (AD 1752-1885)" (ငါးအုပ်တွဲ)စာအုပ်တို့ဖြစ်သည်။

၂၀၀၆ ခုနှစ်အတွက် ချီးမြှင့်မည့် ထွန်းဖောင်ဒေးရှင်းစာပေဆုပေါင်းမှာ မြန်မာစာအုပ်ဆု(၇)အုပ်နှင့် မြန်မာစာမူဆု(၄)ဆု၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဆု(၂)ဆုဖြစ်၍ ပေါင်း(၁၃)ဆုဖြစ်သည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုများကို မြန်မာနိုင်ငံဘဏ်အသင်း အဆောက်အအုံတွင် ဇန်နဝါရီလအတွင်း ဖိတ်ကြား၍ ကျင်းပရန်လျာထားသည်။ စာအုပ်ဆု၊ စာမူဆုရရှိသူများသည် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် ၅၃/၆၁ရှိ ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ ဖုန်း–၀၁–၂၉၁၈၈၁ သို့ ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ ၂ပုံစီ၊ ကိုယ်ရေးမှတ်တမ်းအချက်အလက် အထောက်အထားများပါ ပူးတွဲတင်ပြရန်ဖြစ်သည်။

၂၀၀၇ခုနှစ်ထုတ် စာအုပ်များနှင့် ရေးသားပြုစုသောစာမူများ တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များ၏ လက်ရာများကိုလည်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ကာ စည်းကမ်းချက်များတောင်းယူ၍ ပေးပို့နိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်ခြင်းနှင့် စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ဟိုတယ်ရွှေဂုံတိုင်၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များနှင့် အလှူရှင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် သျှမ်းထက်၏ မိသားစုဝင်များတက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဟိုတယ်ရွှေဂုံတိုင်ပိုင်ရှင် ဦးသက်လွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဦးမေတ္တာက ဦးသက်လွင်၏သား ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် သျှမ်းထက်၏ အနုပညာလှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဦးသက်လွင်နှင့် သရုပ်ဆောင် သျှမ်းထက်တို့က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင် (တက္ကသိုလ်သန်း)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမောင်မောင်မြင့်အေးတို့က လက်ခံကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် စာနယ်ဇင်းများမှတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သရုပ်ဆောင်သျှမ်းထက်၊ ဒါရိုက်တာကုသိုလ်နှင့် အကယ်ဒမီခင်မောင်ကြီး (တေးဂီတ)တို့က ပြန်လည်ဖြေကြားကြသည်။

သရုပ်ဆောင်သျှမ်းထက်သည် ၁၉၉၈ခုနှစ်၌ အနုပညာလောကသို့ စတင်ခြေချခဲ့ပြီး ရုပ်မြင်သံကြားကြော်ငြာများအပြင် နှောင်ထုံးဖွဲ့မေတ္တာ၊ ဆဋ္ဌဂံနှင့် ရွှေရောင်လွှမ်းသောမနက်ဖြန်များ ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

သျှမ်းထက်သည် ဗီဒီယိုဇာတ်ကား ၁၀ကားခန့်၊ ကြော်ငြာ ၁၅ခုခန့်နှင့် နိုင်ငံတော် အကျိုးပြုရုပ်မြင်သံကြားဇာတ်လမ်းများရိုက်ကူးခဲ့ပြီး ၂၀၀၀ပြည့်နှစ်၌ အမေရိကန်နိုင်ငံသို့ သွားရောက်ပညာသင်ယူခဲ့ကာ ၂၀၀၄ ခုနှစ်တွင် ပြန်လည်ရောက်ရှိ၍ အနုပညာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခဲ့ရာ ဒုတိယမြောက်မှတ်စုများနှင့် အိမ်ထောင်ရေးရိုက်ချက် ဗီဒီယိုဇာတ်ကားတို့၌ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ယခုအခါ ဒါရိုက်တာကုသိုလ်ရိုက်ကူးသော သမုဒယသကြိန် ဗီဒီယိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဟိုတယ်ရွှေဂုံတိုင်ပိုင်ရှင် ဦးသက်လွင်နှင့် သရုပ်ဆောင်သျှမ်းထက်တို့က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ် တစ်သိန်းကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသန်းလှိုင် (တက္ကသိုလ်သန်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင်မောင်မြင့်အေးတို့ လက်ခံစဉ်။ (သတင်းစဉ်)

အထက သုဝဏ္ဏ မြတ်ဆရာပူဇော်ပွဲ ဒုတိယအကြိမ် အလှူငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက သုဝဏ္ဏ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၁နာရီတွင် ကွန်ပျူတာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်၊ လူမှုရေးထောက်ပံ့မှုကော်မတီဥက္ကဋ္ဌ ဦးလှတင်နှင့်အဖွဲ့ဝင်များ၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမြင့်စိုး၊ ဒုတိယဗိုလ်မှူးကြီးစိုးမင်း၊ အတွင်းရေးမှူး ဦးချစ်မျိုးနှင့် ကျင်းပရေးကော်မတီဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယအကြိမ်မြောက် စုပေါင်း လှူဒါန်းငွေကျပ် ၁၅သိန်းကိုဒုတိယဥက္ကဋ္ဌ(၁)ဦးမြင့်စိုးက ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကြည်ရွှေက လက်ခံရယူပြီး ကျေးဇူးတင်လွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သီရိသုဝဏ္ဏပညာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို အဆိုပါနေ့ ညနေ ၆ နာရီတွင် သုဝဏ္ဏစကိတ်ကွင်းရှိ Eagle Garden Restaurant၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁–၁–၂၀၀၈ (အင်္ဂါနေ့)

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၈။ မိုးယွန်းကြီးရေထိန်းတံခါး
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၄၅ ၄။ ဆိုကြမယ်၊ပျော်ကြမယ်
- ၅:၃၀ ၅။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၃၀ ၇။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း–၁၁)**
- ၇:၄၅ ၁၀။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရှေးရှု ပညာတိုးတက် ဒို့ကျေးလက်
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း–၁၃)**
- ၁၅။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

ထူးခြားသည့် ညအပူချိန်များ

(၃၁–၁၂–၂၀၀၇)

ဟားခါး
(–၄)ဒီဂရီ စင်တီဂရိတ်

လွိုင်လင်
(–၁)ဒီဂရီ စင်တီဂရိတ်

ပင်လောင်း
(၁)ဒီဂရီ စင်တီဂရိတ်

မိုးကုတ်
(၃)ဒီဂရီ စင်တီဂရိတ်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁–၁–၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း–၂၂)**
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ မွေးမြူသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ပြည်ချစ်သူရဲကောင်း (အပိုင်း–၂၀)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

လမ်းပန်း ဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေး အတွက် ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့နယ် တွင် တည်ဆောက်ထားသည့် ဖျာပုံတံတား (ဧရာဝတီ)။

မကွေးတိုင်း မင်းဘူး ခရိုင်စလင်းမြို့နယ်တွင် တည်ဆောက် ဖွင့်လှစ်ခဲ့သည့် စလင်းချောင်း တံတားကို တွေ့ရစဉ်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

မြန်မာအင်ဂျင်နီယာများကိုယ်တိုင် ပုံစံထုတ်၊ ကိုယ်ပိုင်နည်းပညာဖြင့် ဆောက်လုပ်ခဲ့သော ဂုဏ်ယူဖွယ်ရာ ဒဂုံတံတားကြီးကို တွေ့ရစဉ်။



၂၀၀၇ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး (တံတား)ကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု မှတ်တမ်း

နိုင်ငံတော် အမှတ်စဉ်	တံတားအမည်	တည်နေရာ	အရှည်ပေ	ဖွင့်လှစ်နေ့
၂၀၁	ဗားရဲတံတား	ချင်းပြည်နယ် ဖလမ်းမြို့နယ်	၃၄၀	၁၂-၂-၂၀၀၇
၂၀၂	မဲဇာချောင်း(ဒိုးပင်ရွာ)	စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်	၂၆၀	၁၀-၃-၂၀၀၇
၂၀၃	ဖျာပုံတံတား	ဧရာဝတီတိုင်း ဖျာပုံမြို့နယ်	၃၉၉၃	၂၀-၃-၂၀၀၇
၂၀၄	ဖားတစ်ရှဉ်းတံတား	ဧရာဝတီတိုင်း မြန်အောင်မြို့နယ်	၄၆၉	၂၅-၃-၂၀၀၇
၂၀၅	ငမိုးရိပ်တံတား(ကမာကြည်)	ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်	၉၇၀	၂၈-၄-၂၀၀၇
၂၀၆	ပိုင်ကျုံတံတား	ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်	၁၁၇၀	၁-၆-၂၀၀၇
၂၀၇	ဟံဂံတံတား	တနင်္သာရီတိုင်း ရေးမြို့နယ်	၂၀၀	၆-၆-၂၀၀၇
၂၀၈	စလင်းချောင်းတံတား	မကွေးတိုင်း စလင်းမြို့နယ်	၂၃၀	၆-၆-၂၀၀၇
၂၀၉	ဒွန်ဘန်တံတား	ကချင်ပြည်နယ် ဖားကန့်မြို့နယ်	၂၁၆	၁၈-၇-၂၀၀၇
၂၁၀	ဒဂုံတံတား	ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်	၄၅၄၀	၂၇-၁၀-၂၀၀၇
၂၁၁	မိုင်းပွန်တံတား	ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်	၂၀၈	၂၁-၁၁-၂၀၀၇

ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (အရှေ့ပိုင်း) တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် လွိုင်လင်မြို့နယ်ရှိ မိုင်းပွန်တံတားဖွင့်ပွဲ ကျင်းပစဉ်။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

လွတ်လပ်ပြီ ဆိုရုံမျှဖြင့် ကျေနပ်မနေသင့်ပေ

မြန်မာ့လွတ်လပ်ရေးသည် သက်တမ်းအနှစ်ခြောက်ဆယ်ပြည့်ခဲ့လေပြီ။ နိုင်ငံနှင့်ချီလျှင် သက်တမ်းနှစ်ခြောက်ဆယ်ဆိုသည်မှာ များစွာ ကြာမြင့်လှပြီဟု မဆိုနိုင်သော်လည်း လူတို့သက်တမ်းဖြင့် တွက်ဆနှိုင်းစာကြည့်လျှင်မူ အတန်အသင့် အသက်ရလာပြီဟု ဆိုနိုင်သည်။ လွတ်လပ်ရေးရသည့်အချိန်က မွေးဖွားခဲ့သူပင်လျှင် အသက် (၆၀) ပြည့်၍ တတိယအရွယ် အဘိုးဘဝသို့ ရောက်နေပြီဖြစ်၏။ လွတ်လပ်ရေး အနှစ်ခြောက်ဆယ်မှတ်တိုင်မှ နောက်ပြန်လှည့်ကြည့်လျှင် မိမိတို့ မည်မျှတာဝန်ကျေခဲ့ပြီနည်း စဉ်းစားသင့်၏။

နိုင်ငံတစ်ခု လွတ်လပ်ရေးရ၍ နိုင်ငံသစ်ထူထောင်သည်ဆိုခြင်းမှာ သူတစ်ပါးအိမ်တွင် အဖီချ၍ ကပ်ရပ်နေခဲ့ရသည့် ဘဝမှ ကိုယ်ပိုင်ခြံမြေကွက်တွင် ကိုယ့်အိုး ကိုယ့်အိမ် စတင် ထူထောင်တည်ဆောက်ရသည်နှင့် တူလှသည်။

ပထမဆုံးအဆင့်မှာ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းမြေညှိ ခြံစည်းရိုးခတ်ရခြင်းပင်ဖြစ်၏။ အလားတူ နိုင်ငံသစ်တစ်ခု စတင်ထူထောင်ပြီဆိုလျှင် နယ်မြေများကို စုစည်းရသည်။ နယ်နိမိတ်များကို သတ်မှတ်ရသည်။ မိမိတို့နိုင်ငံအတွင်း အေးအတူ ပူအမျှ အတူတကွ နေထိုင်သွားကြရမည့် တိုင်းရင်းသားများကို စည်းရုံးစုစည်းရသည်။ “ Territorial Integration and National Consolidation” အဆင့်ပင်ဖြစ်၏။ ဤအဆင့်တွင်ပင် များစွာသော စိန်ခေါ်မှုများ၊ အခက်အခဲများကို လွတ်လပ်စနိုင်ငံများ ရင်ဆိုင်ရတတ်သည်။ ဥပမာ ဗြိတိသျှကိုလိုနီအောက်မှ လွတ်မြောက်စ အိန္ဒိယနှင့် ပါကစ္စတန်အကြား ကက်ရှ်မီးယားပြဿနာမှ အစပြုသည့် နယ်မြေပိုင်ဆိုင်မှု ပဋိပက္ခမှ စစ်မီးဖြစ်ပွားခဲ့ကြရသည်။ နိုင်ငံအချို့မှာ စလယ်ဝင် ဖင်မမည်းခင်ကပင် စစ်အေးတိုက်ပွဲ ပယောဂကြောင့် နှစ်ရှည်လများ နိုင်ငံနှစ်ပိုင်း ကွဲကြရပြန်သည်။ ဥပမာ–ဗီယက်နမ်နိုင်ငံသည် ၁၉၅၄ ခုနှစ် ဂျီနီဗာသဘောတူညီချက် နောက်ပိုင်း ၁၇ မျဉ်းပြိုင်၏ တောင်ပိုင်းနှင့် မြောက်ပိုင်းဟူ၍ နှစ်ပိုင်းကွဲခဲ့ရာ ၁၉၇၅ခုနှစ် ဗီယက်နမ်စစ်ပွဲပြီးမှ ပေါင်းစည်းနိုင်ခဲ့သည်။

နယ်မြေစုစည်းမှုလုပ်ငန်း ပြီးစီးသည့်တိုင်အောင် လုပ်ငန်းက မပြီးသေး။ ခြံစည်းရိုးခတ်၊ ခြံရှင်းပြီးလျှင် အိမ်ကို အုတ်မြစ်ချ တိုင်ထူကာ စတင်ဆောက်လုပ်ရသကဲ့သို့ နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားတည်ဆောက်ရေး “State Building and Nation Building” လုပ်ငန်းများကို အားထည့်လုပ်ကိုင်ရပြန်သည်။ ဤတွင်လည်း အခက်အခဲများက ရှိသည်သာပင်။

အိမ်ဆောက်ပြီဆိုသည်နှင့် လူညီဖို့လိုသည်။ ငွေရှိဖို့လိုသည်။ အချို့နိုင်ငံများတွင် လူမညီသောကြောင့် ပြည်တွင်းစစ်၊ ပြည်တွင်းသောင်းကျန်းမှုများနှင့် ရင်ဆိုင်ရကာ နိုင်ငံတည်ဆောက်သောအဆင့်ကို မရောက်နိုင်ဘဲ ရှိနေရတတ်သည်။ ၁၉၅၇ ခုနှစ်တွင် ဗြိတိသျှတို့ထံမှလွတ်လပ်ရေးရခဲ့သည့် မလေးရှားနိုင်ငံမှာ ကွန်မြူနစ်သောင်းကျန်းမှုအန္တရာယ်၊ လူမျိုးရေးပဋိပက္ခများ စသည့် အခက်အခဲပြဿနာများကြောင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင်ကျမှ နိုင်ငံထူထောင်ရေးကို အားစိုက်လုပ်ဆောင်နိုင်ခဲ့သည်။ အချို့နိုင်ငံများမှာ လွတ်လပ်ရေးကို မလွှဲသာ၍ ယူလိုက်ရသော်လည်း ငွေမရှိ၊ သယံဇာတမရှိ၍ အခက်ကြုံခဲ့ကြရသည်။ ၁၉၆၅ခုနှစ်တွင် စင်ကာပူ လွတ်လပ်ရေးရစဉ်က ငွေမရှိ၊ ကာကွယ်ရေးအင်အားဟူ၍ စစ်သား တစ်ယောက်ပင်မရှိ၊ လူထုအများစုမှာလည်း သင်္ဘောကြီးကူလီ သာသာမျှ အဆင့်ရှိသဖြင့် နိုင်ငံရှေ့ရေးကို တွေးတောစိတ်ပူကာ မျက်ရည်ပင်ကျခဲ့ရသည်ဟု စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် လီကွမ်ယူက သူ၏အမှတ်တရစာအုပ်တွင် ရေးသားထားသည်။

စင်စစ်၌ နိုင်ငံစတင်ထူထောင်ရသည့်အချိန်မှ နိုင်ငံတကာတွင် ရင်ပေါင်တန်းနိုင်သည့် အဆင့်မီနိုင်ငံတစ်ခု ဖြစ်လာသည်အထိ ခရီးလမ်းတစ်လျှောက်မှာ မည်သည့်နိုင်ငံမျှ ပန်းခင်းသောလမ်းကဲ့သို့ လျှောက်လှမ်းနိုင်ခဲ့ကြသည် မဟုတ်ပေ။ အချို့နိုင်ငံများမှာ စမ်းတဝါးဝါးဖြင့် လမ်းမှား လမ်းပျောက်သွားခဲ့ကြသည်။ အချို့မှာ လှေလှော်ရင်း တက်ကျိုးကာ တိုင်းပြည်ပါ ပျက်သွားခဲ့ကြရသည်။ အချင်းချင်း မညီညွတ်၍ ပြည်တွင်းစစ် နှစ်ရှည်ဖြစ်ခဲ့ကြရာမှ ပြည်ပပယောဂ ပါဝင်လာပြီး ကုရာနတ္ထိဆေးမရှိ ဖြစ်နေသော ဆိုမာလီယာကဲ့သို့နိုင်ငံများ၊ ဆူဒန်နိုင်ငံမှဒါဖာဒေသကဲ့သို့ အနိဋ္ဌာရုံများကို တွေ့မြင်ကြားသိရသောအခါ မြန်မာနိုင်ငံ လွတ်လပ်ရေးရစ ရန်ကုန်အစိုးရခေတ် အစိုးရအာဏာစက်သည် သမိုင်းလမ်းဆုံ ဟိုမှာဘက်သို့ပင် မသက်ရောက်နိုင်ခဲ့သော ကာလများကို မြင်ယောင်မိသည်။

လှိုင်အောင်

အချို့နိုင်ငံများမှာမူ မခေါ်မပင့်ဘဲ အဓမ္မဝင်ရောက်လာသော တိုင်းတစ်ပါးတပ်များ၏ ကျူးကျော်သိမ်းပိုက်ထားမှုအောက်တွင် လုံခြုံရေးလည်း မတည်ဆောက်နိုင်၊ နိုင်ငံထူထောင်ရေးလည်း မဆောင်ရွက်နိုင်ဖြစ်ကာ ရွှေရည်စိမ်လွတ်လပ်ရေးအတုနှင့် ရုပ်သေးအစိုးရတို့ဖြင့် မရှုနိုင်၊မကယ်နိုင်ဖြစ်နေရသည်။ ကိုယ့်နယ်၊ ကိုယ့်အိမ်မှာ နေထိုင်ရင်း တိုင်းတစ်ပါးသားတို့ ထင်သလို ဖုံးကြဲပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် အဓိပ္ပာယ်မဲ့စွာ အသက်ဆုံးပါးသွားခဲ့ကြရသည့် ဖြစ်ရပ်များကိုပင် အရေးယူရန် မဆိုထားဘိ၊ ပြင်းပြင်းထန်ထန်ပင် မပြောဝံ့ကြရှာသည့် နိုင်ငံအချို့တို့၏ အခြေအနေကို တွေ့မြင်ရသောအခါ မြန်မာနိုင်ငံ၌ ဖက်ဆစ်ဂျပန်ပေးခဲ့သည့် ရွှေရည်စိမ် လွတ်လပ်ရေးနှင့် ဒေါက်တာဗမော်အဓိပတိအဖြစ် တာဝန်ယူခဲ့သည့် ဂျပန်ခေတ် ရုပ်သေးအစိုးရကို သတိရမိသည်။

နွားကွဲလျှင် ကျားဆွဲတတ်သည်ဆိုသောစကားမှာ ယနေ့ကာလကဲ့သို့ ခေတ်သစ်အင်ပါယာထူထောင်ရန် ရူးသွပ်နေသူအချို့၏ လက်တွင်း၌ ကမ္ဘာ့အကြီးမားဆုံး စစ်အင်အားနှင့် နိုင်ငံရေးဩဇာတို့ တည်ရှိနေချိန်တွင် ပို၍အဓိပ္ပာယ်ဆောင်လျက်ရှိသည်။ ယနေ့ခေတ်မှာ သူ့အလိုအလျောက် မကွဲလျှင်ပင် တမင်ဝင်၍ သပ်လျှိုဖြိုခွဲသောခေတ်၊ ခွဲ၍မရလျှင် စစ်အင်အားသုံး၍ အဏုမြူဖုံးဖြင့်ပင် ခြိမ်းခြောက်ရန် ဝန်မလေးသောခေတ်ဖြစ်နေသည်။ တတိယကမ္ဘာစစ်ဆိုသော စကားကိုပင် လက်လွတ်စပယ် ပြောဆိုလာနေသည့်ခေတ်ဖြစ်သည်။ နိုင်ငံတကာ ဥပဒေနှင့် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာဆိုသည်ကို ဟင်းရွက် ကန်စွန်းရွက်မျှပင် အလေးမထားအင်အားကိုသာ အမှန်တရားအဖြစ် ကိုးကွယ်ဆည်းကပ်သည့်ခေတ်ဖြစ်နေသည်။

အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင်အင်အားရှိမှသာ ကိုယ့်နိုင်ငံလွတ်လပ်ရေးကို ကိုယ်တိုင်ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ

အချင်းချင်းမညီညွတ်မှု၊ ဆူပူအုံကြွမှုနှင့် ပဋိပက္ခများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တည်ဆောက်၍ မရနိုင်ပါ။ စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံကြိုးပမ်းမှု၊ မြိုးမြောက်ချွေတာ စုဆောင်းမှု၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့်သာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ယနေ့ခေတ်မှာ ...
မကွဲလျှင်ပင် တမင်ဝ...
သောခေတ်၊ ခွဲ၍မရ...
သုံး၍ အဏုမြူဖုံးဖြင့်...
ဝန်မလေးသောခေတ်ဖြ...
ကမ္ဘာစစ်ဆိုသော စကာ...
စပယ်ပြောဆိုလာနေသ...
နိုင်ငံတကာ ဥပဒေနှင့် နို...
အခြာအာဏာဆိုသည်...
ရွက်မျှပင် အလေးမထ...
အမှန်တရားအဖြစ် ...
သည့်ခေတ် ဖြစ်နေသ...

ကိုယ်ပိုင်အင်အားကို တည်ဆော...
ဖြစ်သည်။ ထိုမျှမက ကမ္ဘာ့နိုင်ငံများ...
မည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်...
အဓိက မောင်းနှင်အားဖြစ်သည်။

အချင်းချင်းမညီညွတ်မှု၊ ဆူပူ...
ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို...
စည်းလုံး ညီညွတ်မှု၊ မျိုးချစ်စိတ်...
အနစ်နာခံကြိုးပမ်းမှု၊ မြိုးခြံချွေတာ ...
စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလို...
တိုးတက်သော နိုင်ငံကို တည်ဆော...

လွတ်လပ်ရေးရသည်မှာ နှစ်...
၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်–မြန်မာ...
ရေး၊ အမျိုးသားလွတ်မြောက်ရေး တို...
သွေးချွေးများစွာ ပေးဆပ်စတေးခဲ့...
များကား အသီးသီး တာဝ...
လွတ်လပ်ရေးရပြီးနောက်ပိုင်း လွတ်...
လွတ်လပ်ရေးကို ထိန်းသိမ်းကာကွ...
သည့် နိုင်ငံတော်ကြီး အေးချမ်းသာယ...
အသီးသီး တာဝန်ရှိကြ သည့် ယနေ့...
မိမိတို့တာဝန်ကျေပွန်ကြပါပြီလား။ ...
လုံး နယ်ချဲ့ပရိယာယ်ကို အစဉ်...
မဟုတ်ပါလား ...... ။ ။

ယနေ့ခေတ်မှာ သူ့အလိုအလျောက် မကွဲလျှင်ပင် တမင်ဝင်၍ သပ်လျှိုဖြိုခွဲသောခေတ်၊ ခွဲ၍မရလျှင် စစ်အင်အားသုံး၍ အကျုံမြှုပုံးဖြင့်ပင် ခြိမ်းခြောက်ရန် ဝန်မလေးသောခေတ်ဖြစ်နေသည်။ တတိယကမ္ဘာစစ်ဆိုသော စကားကိုပင် လက်လွတ်စပယ်ပြောဆိုလာနေသည့်ခေတ်ဖြစ်သည်။ နိုင်ငံတကာ ဥပဒေနှင့် နိုင်ငံတစ်ခု၏အချုပ်အခြာအာဏာဆိုသည်ကိုပင် ဖောက်ဖျက်ကန့်ကွက်မျှပင် အလေးမထား အင်အားကိုသာ အမှန်တရားအဖြစ် ကိုးကွယ်ဆည်းကပ်သည့်ခေတ် ဖြစ်နေသည်။

ကိုယ်ပိုင်အင်အားကို တည်ဆောက်နိုင်မည့် အကြောင်းတရားဖြစ်သည်။ ထိုမှသာမက ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်နိုင်ရေးအတွက်လည်း အဓိက မောင်းနှင်အားဖြစ်သည်။

အချင်းချင်းမညီညွတ်မှု၊ ဆူပူအုံကြွမှုနှင့် ပဋိပက္ခများဖြင့် **ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တည်ဆောက်၍ မရနိုင်ပါ။ စည်းလုံး ညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံကြိုးပမ်းမှု၊ ခြိုးခြံချွေတာ စုဆောင်းမှု၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့်သာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။**

လွတ်လပ်ရေးရသည်မှာ နှစ်ပေါင်းခြောက်ဆယ်ရှိခဲ့ပါပြီ။ ၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲမှစ၍ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်တစ်လျှောက် အသက်သွေးချွေးများစွာ ပေးဆပ်စတေးခဲ့ကြသော ဘိုး၊ ဘေး မျိုးဆက်များကား အသီးသီး တာဝန်ကျေပွန်ခဲ့ကြပြီးဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း လွတ်လပ်ရေး အရှည်တည်တံ့ဖို့၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့၊ လွတ်လပ်သည့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ အသီးသီး တာဝန်ရှိကြ သည့် ယနေ့ နိုင်ငံသူ နိုင်ငံသားများသည် မိမိတို့တာဝန်ကျေပွန်ကြပါပြီလား။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး နယ်ချဲ့ပရိယာယ်ကို အစဉ်သတိပြု ကာကွယ်ကြရမည် မဟုတ်ပါလား ……။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူ များနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ဖက်သန်းတောကျေးရွာ လေးလက်မ စက်ရေတွင်းဖွင့်ပွဲတွင် ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တင်ဝင်း(အင်းစိန်)

နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကုက္ကိုင်းကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက်ကကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

တွဲသောလက်တွေ ခိုင်မြဲစေ

☆ သူ့အောက်မခ၊ ထိလျှင်ချမည်
ဒို့ဘ ဒို့ဘေး၊ မျိုးချစ်သွေးဟော့။
တုံးဆိုလျှင်တိုက်၊ ကျားဆိုကိုက်ပစေ
မငိုက်ဦးခေါင်း၊ မတိမ်းစောင်းသည်
လမ်းကြောင်းတည့်မတ်၊ ဒို့စိတ်ဓာတ်ဟော့။

☆ ဟော့…ဟော့…ဟော့…ဟော့
ဟော့ပေါင်းများစွာ၊ ရင်မှာလှုပ်နှိုး
ဒို့မျိုးချစ်သွေး၊ နီစွေးစွေးဖြင့်
လေးနက် ခိုင်မတ်၊ ဒို့စိတ်ဓာတ်ဖြင့်
လွတ်လပ်ရေးပန်း၊ ရအောင်လှမ်းခဲ့
စိတ်ဝမ်းညီတူ၊ အောင်ပန်းချူသည်
ပြည်သူနှင့် တပ်မတော် အောင်ပွဲတည်း။

☆ တပ်မတော်နှင့် ပြည်သူ
အတူလက်တွဲ၊ ရင်ဆိုင်နွှဲ၍
မလွဲမုချ၊ ပိုင်ခဲ့ရသည့်
မြန်မာ့လွတ်လပ်ရေး၊ အသက်သွေးကို
ဝေးနီးရန်စွယ်၊ အသွယ်သွယ်တို့
ခုတ်ပယ်ချိုးရန်၊ ဘယ်သို့ကြံလည်း
ဒို့မာန် ဒို့ဇွဲ၊ ခိုင်ခိုင်မြဲလျက်
လက်တွဲညီညာ၊ ကာကွယ်ပါခဲ့
ခုခါ ခုဝယ်၊ နည်းသွယ်သွယ်ဖြင့်
နယ်ချဲ့လက်သစ်၊ ပြုမြဲဖြစ်သည့်
နည်းသစ်အများ၊ သတိထားလော့
မစားရအမဲ၊ သဲဖြင့်ပက်မည်၊ အကြံအစည်ကို
ပြည်သူသတိ၊ အစဉ်ရှိလော့
မိမိလူမျိုး၊ ဂုဏ်မညှိုးအောင်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်ဖြင့်
စိတ်ဓာတ်ခိုင်ခိုင်၊ ဇွဲခိုင်ခိုင်ဖြင့်
နိုင်ငံတော်အတွက်၊ တွဲသောလက်တို့
မပျက်စေရန်၊ ဒို့မိဋ္ဌာန်သည်
မြန်ပြည်သာဖို့ အကြောင်းတည်း။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

စိုးမိုး(ပုသိမ်)

သိပ္ပံနည်းကျ ခေတ်မီငါးသားဖောက်နည်းပညာ လေ့လာနိုင် ငါးအသားလွှာ ပြုလုပ်ပုံ လက်တွေ့ပြသ ရောင်းချ

သတင်း
ဝင်းနိုင်(ကြေးမုံ)
ဓာတ်ပုံ
သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဒီဇင်ဘာ ၃၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် တတိယအကြိမ် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ ကျင်းပသည်။

တတိယအကြိမ် မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ခင်းကျင်းပြသရောင်းချမှုများကို သွားရောက်လေ့လာခဲ့ရာ အဆောက်အအုံ မြေညီထပ်၌ မြန်မာ့ရေထွက်ပစ္စည်းများ မွေးမြူထုတ်လုပ်ရာတွင် အသုံးပြုသော ငါး၊ ပုစွန် အစားအစာများ၊ ဆေးဝါးများ၊ Digital ကတ္တားများ၊ ခေတ်မီငါးဖမ်းကိရိယာများ၊ အအေးခန်းသုံးပစ္စည်းကိရိယာများ၊ ငါးဖမ်းရေယာဉ်သုံး အလိုအလျောက် တည်နေရာ ညွှန်ပြစနစ် (GPS)သုံး ပစ္စည်းများကို ပြသထားသည့်အပြင် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် သိပ္ပံနည်းကျ ခေတ်မီငါးသားဖောက်နည်းပညာများ၊ မွေးမြူနည်းစနစ်များကိုလည်း လေ့လာနိုင်ရန် ပြသထားသည်ကို တွေ့ရသည်။

အလှမွေး ငါးကန်များအား ကြည့်ရှုလေ့လာနေကြသူများ။

ယုဇန ကုမ္ပဏီလီမိတက်မှ ငါးအူချောင်း၊ ငါးအသားလွှာ၊ ငါးအသားလုံးများကို ရောင်းချပေးလျက်ရှိစဉ်။

ထို့အပြင် ငါးအလှမွေးမြူလိုသူများ၊ ငါးဝါသနာရှင်များ ကြည့်ရှုလေ့လာနိုင်ရန် အလှမွေး ငါးမျိုး ၅၀ ကျော်ကို ပြသထားပြီး ပြည်ပသို့ပါ တင်ပို့နေသည့် ပြည်တွင်းအလှမွေး ငါးမျိုးများဖြစ်သော ရွှေစာရေး၊ ငါးသစ်ရွက်၊ ဂလက်ဆီ အလှမွေးငါးများကိုလည်း ခင်းကျင်းပြသထားသည်။

ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ အပြင်ဘက်တွင် ရေထွက်ပစ္စည်းများအား ခေတ်မီ နည်းပညာများဖြင့် ပြုပြင်၍ ငါးအသားလွှာ၊ ငါးအူချောင်း၊ ငါးအသားလုံး၊ ငါးခြောက်အရောင်းဆိုင်များအပြင် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များကိုလည်း ခင်းကျင်းပြသ ရောင်းချလျက်ရှိရာ လာရောက်ဝယ်ယူစားသုံးသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ယခုနှစ်ဈေးပွဲတော်တွင် နိုင်ငံတကာဈေးကွက်၌ ဝယ်လိုအားကောင်းလျက်ရှိသော ကဏန်းပျော့ကို ပြည်တွင်းစားသုံးသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန် ကုန်စည်သစ် မိတ်ဆက်အဖြစ် ပြသရောင်းချနေသည်ကို တွေ့ရသည်။ ထို့အပြင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးအသားလွှာ ပြုလုပ်ပုံကို လက်တွေ့ပြသရောင်းချနေသည်ကိုလည်း တွေ့ရသည်။

မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကို ဇန်နဝါရီ ၄ ရက်အထိ နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများအဖြစ် ဆိုင်းဝိုင်းဖျော်ဖြေမှု၊ အငြိမ့်၊ ကာရာအိုကေ ပြိုင်ပွဲအပြင် ကလေးကစားကွင်း Happy World ကိုလည်း ထည့်သွင်းထားရာ အပန်းဖြေ နားနေရင်း မြန်မာ့ရေထွက်ကုန် ပစ္စည်းများကို လေ့လာ၊ ဝယ်ယူစားသုံးလိုသူများအား သတင်းကောင်းပါး လိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"နှစ်ဦးကာလမင်္ဂလာလက်ဆောင်"တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ)
၇း၄၅-၁း၄၅	ဇင်းကျိုက်တောင်ပေါ်စေတီတော် မဟာအောင်ဇောဓိဟုခေါ်
၇း၅၅-၁း၅၅	တေးဂီတအစီအစဉ်
၈း၀၀-၂း၀၀	Sunday Talk
၈း၅၀-၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅-၂း၅၅	ခြိမ့်ခြိမ့်သဲဆင်နွှဲ ပန်းတနော်မြို့မှ အလှူပွဲ
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	လေ့လာစရာ Reiju သင်တန်းကျောင်းမှာ (မိတ်ကပ်နှင့်ဆံထုံး)
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀-၄း၀၀	မင်္ဂလာပန်းစံပယ်၏ဒိုင်ယာရီ
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	Biz Net
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး"ရုံးပတီသီးစိုက်ပျိုးနည်း"
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	စားကောင်းမယ့်ထမင်းတစ်လုတ်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	Yangon Panorama "ကောင်းစည်သူပန်းချီပြပွဲ"
၁၂း၀၀-၆း၀၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	မူးယစ်ကင်းစင်လူ့ဘောင်တစ်ခွင်
	MANA ၏ရည်မှန်းချက်ပန်းတိုင်အသွင်(ပထမပိုင်း)
၁၂း၃၅-၆း၃၅	Music Gallery
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Fulham-Chelsea	ESPN(Live)
၉း၂၅	Arsenal-West Ham	ESPN(Live)
	Man Utd-Birmingham	StarSports(Live)
၁၁း၄၅	Aston Villa-Tottenham	Star Sports(Live)
၁၂း၀၀	Middlebrough-Everton	ESPN(Live)

မီးလောင်မှုဖြစ်ပွားမည့်နေရာကို ကြိုတင် မသိရှိနိုင်ပါ။ ကြိုတင်သိ၍ ကြိုတင်လုပ်နိုင်သည်က မီးဘေးကာကွယ်ရေးဖြစ်သည်။

☞ ကျောဖုံးမှ

ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်) ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်နေခြည်လွဲလွဲသိန်းက ကျောင်း၏ သင်ကြားစီမံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ Collective Triangles Co., Ltd. မှ စီမံကိန်း အင်ဂျင်နီယာ ဦးဇော်ဝင်းက ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်) တည်ဆောက်ခြင်းလုပ်ငန်း ၇၁ ဒသမ ၉၂ ရာခိုင်နှုန်း ပြီးစီးမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားကာ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)မှ ဆရာ၊ ဆရာမများအတွက် ဝတ်စုံစရိတ်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။ ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ဆောက်လုပ်ဆဲ ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်)ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျိုက်ထိုမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံသို့ရောက်ရှိ၍ စက်ရုံအတွက် ကုန်ကြမ်းမပြတ်လပ်စေရန် စက်ရုံပိုင် စိုက်ခင်းများထူထောင်ရေး၊ လက်ရှိစိုက်ပျိုးထားသည့် ကုန်ကြမ်း ယူကလစ်ပင် ရှင်သန်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် စက်ရုံအတွင်းရှိ ဝါးကုန်ကြမ်းစုဆောင်းရေးကွင်း၊ ထမင်းစားဝါးတူထုတ်လုပ်မှု၊ ရွှေရောင်ငွေရောင်စက္ကူလုပ်ငန်း၊ ဝါးဖြတ်စထုတ်လုပ်ရေးစက်ရုံခွဲ၊ စက္ကူထုတ်လုပ်မှုအဆင့်ဆင့်နှင့် ကျောင်းသုံးဗလာစာအုပ်ထုတ်လုပ်မှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံပြီး မိသားစုဝင်များထံ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ (သတင်းစဉ်)

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲ

အယ်ထီးကော်နှင့် ရန်ကြီးအောင်ထိုးမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Calsome ကွေကာ (MDG Co., Ltd.)၏ အဓိကပံ့ပိုးကူညီမှုဖြင့် T&T Group က တာဝန်ယူကျင်းပသော ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၆) မြန်မာ့ရိုးရာ လက်ဝှေ့ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း)၌ ကျင်းပမည်ဖြစ်သည်။

ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၆) မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် ရွှေခါးပတ်ချန်ပီယံ အယ်ထီးကော် (K.L.N)နှင့် ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင် (မြို့တော်စည်ပင်)တို့၏ ထိပ်တန်းအဆင့်ပွဲစဉ် အပါအဝင် ငါးချီ စိန်ခေါ်ပွဲ၊ အထူးငါးချီ အမျိုးသမီးစိန်ခေါ်ပွဲနှင့် အထူးလေးချီ မျိုးဆက်သစ်

၂၀၀၀ ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ အယ်ထီးကော်။

ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင် (မြို့တော်စည်ပင်)။

စိန်ခေါ်ပွဲ စုစုပေါင်း ရိုးရာလက်ဝှေ့ပွဲ ခုနစ်ပွဲကို ရှုစားအားပေးကြရမည်ဖြစ်သည်။

ငါးချီစိန်ခေါ်ပွဲများအဖြစ် ရွှေခါးပတ်ချန်ပီယံ စစ်သွေး(ဘိလပ်မြေစက်ရုံ)နှင့် ရွှေခါးပတ်ချန်ပီယံ ဒေါနအောင်(ရွှေလက်ရာ)၊ ရွှေခါးပတ်ချန်ပီယံ ရွှေကျည်ဆံ (ဘိလပ်မြေစက်ရုံ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ သိုးကောင်း (မြန်မာပြည်သား)၊ ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း (ဘိလပ်မြေစက်ရုံ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ ဇွဲသတ္တိ(သူရဲကောင်း)၊ သားသား (K.L.N)နှင့် ဗသုံပန်ဆက် (မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

ရိုးရာလက်ဝှေ့ပရိသတ်များ အထူးစိတ်ဝင်တစား ကြည့်ရှုကြရမည့် အထူးငါးချီ အမျိုးသမီး စိန်ခေါ်ပွဲအဖြစ် သံရိုင်းမ(မြန်မာပြည်သား)နှင့် စုလှိုင်ဦး (ပတ်မစိန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အထူးလေးချီ မျိုးဆက်သစ် စိန်ခေါ်ပွဲအဖြစ် ရိုးရာလက်ဝှေ့ပရိသတ် မျက်စိကျခြင်းခံရသော သိုးထိန်း(မြန်မာပြည်သား)နှင့် လှစ်လှစ်လေး(သူရဲကောင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

အဓိကပွဲထိုးသတ်မည့် အယ်ထီးကော်နှင့် ရန်ကြီးအောင်တို့သည် ၂၀၀၇ ခုနှစ်အတွင်းက နှစ်ပွဲယှဉ်ပြိုင် ထိုးသတ်ခဲ့ရာ ရန်ကြီးအောင်က တစ်ပွဲအနိုင်ရပြီး တစ်ပွဲသရေကျခဲ့သည်။ ၂၀၀၇ ခုနှစ် ကိုယ်အလေးချိန် အတန်းလိုက် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ် ချန်ပီယံလုပွဲတွင် ရန်ကြီးအောင်က အယ်ထီးကော်ကို အမှတ်ဖြင့် အနိုင်ရရှိပြီး ရွှေခါးပတ်ချန်ပီယံဆု ရရှိခဲ့သည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလအတွင်းက ရန်ကုန်တိုင်း တွံတေးမြို့၌ အယ်ထီးကော်နှင့် ရန်ကြီးအောင်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ငါးချီသရေပွဲ ဖြစ်ခဲ့သည်။ ရန်ကြီးအောင်သည် ကယ်လ်ဆမ်မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၅) မြန်မာ့ရိုးရာ လက်ဝှေ့ပွဲတွင် မြန်မာပြည် အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လုံးချော(K.L.N) ကို သရေထိုးသတ်ခဲ့ပြီး ထိပ်တန်းအဆင့်လက်ဝှေ့သမား တစ်ဦးဖြစ်ကြောင်း ပြသနိုင်ခဲ့သူဖြစ်သည်။ (ကြေးမုံ)

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တ အာသဘ ပျံလွန်တော်မူ

ရန်ကုန် ဒီဇင်ဘာ ၃၁

နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးတိုင်း မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ဗြဟ္မနိမ္မိတာရုံအုတ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ အာသဘ သိက္ခာတော် (၇၆) ဝါ သက်တော် (၉၆)နှစ်သည် ယနေ့(တနင်္လာနေ့) နံနက် ၆နာရီ ၂၈မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူ သွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရတနာသိဒ္ဓိကျောင်း ပညာဒါနသင်တန်း

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် လေးထောင့်ကန် လမ်းမကြီး ဘဝမြှင့်မှတ်တိုင်အနီးရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်တွင် သင်တန်းမှူး ဆရာတော် အရှင်ကဝိဓဇ (B.Com)က တာဝန်ယူပြီး အဆင့်မြင့် အင်္ဂလိပ်စကားပြော ပညာဒါနနှစ်လသင်တန်းကို ၂၀၀၈ခု ဇန်နဝါရီ ၂ရက်မှစတင် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းတွင် အဆင့်မြင့် အင်္ဂလိပ်စကားနှင့် ဂျပန် အခြေခံစကားတို့ကို နေ့စဉ်တန်း၊ အပတ်စဉ်တန်း ခွဲခြား၍ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်း ဖုန်း–၅၆၀၇၄၃ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (က–ပ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

လှိုင်ကော်မြို့နေ
ဗိုလ်မှူးချုပ်ညွန့်တင်–ဒေါ်တင်တင်ကြည် တို့၏သား
မောင်နေဝင်းညွန့် B.A (English)
နှင့်
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကွင်းကျောင်းလမ်း၊ အမှတ်(၃၅)နေ
(ဦးတင်မြင့်)–ဒေါ်မြင့်ကြည် တို့၏
တစ်ဦးတည်းသောသမီး
မဇင်မာသွယ် Final Year (Physics)

တို့၏ ၂၈–၁၂–၂၀၀၇ရက်တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၏ ဇနီး ဒေါ်မာမာဝေတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့်တို့အားလည်းကောင်း၊ လက်ထပ်မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော မရမ်းကုန်းမြို့နယ် တရားသူကြီး ဒေါ်ခင်သန့်ဇင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးသော တေးသံရှင် မေခလာ၊ Lazy Club တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ ဗီဒီယိုနှင့်ဓာတ်ပုံ ဝဏ္ဏခွာနီး၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ် ဆံပင်အလှဆင် ခင်စန်းဝင်း၊ ပန်းအလှပြင် ခင်မောင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခင်ပြည့်ဖြိုး၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မထက်အေးဝေနှင့် မစိမ်းလဲ့နှင်း၊ မင်္ဂလာပန်းနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မနန်းဝိုးဟွမ်နှင့် မမြတ်သီရိလင်းတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံအဖြစ် ဆောင်ရွက်ပေးသော မောင်စောဝင်းထိုက်၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မခိုင်ဆုဝေတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ခြင်းမပြုနိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေဝင်းညွန့်–မဇင်မာသွယ်

လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဝင်းထွင့်–ဒေါ်မိမိစိန် တို့၏သားငယ်
မောင်မျိုးကျော် B.A (Myanmar)
နှင့်
ကျောက်ဖြူမြို့နေ ဗိုလ်မှူးချုပ်မော်သိန်း–ဒေါ်ခင်သီတာဦးတို့၏သမီးငယ်
မဆုမွန်သိမ်း B.Tech (I.T) (Q)

တို့အား မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး သီရိသုဓမ္မသီဂိ ဒေါ်ခင်ချိုအုန်းအားလည်းကောင်း၊ ၂၉–၁၂–၂၀၀၇ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel (Grand Ballroom) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ဇနီး ဒေါ်အေးအေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွှန့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၏ ဇနီး ဒေါ်ဖြူဖြူအေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၏ ဇနီး ဒေါ်သန်းဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ၏ ဇနီး ဒေါ်နီနီဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဇနီး ဒေါ်ခင်မာဆွေ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် စစ်တက္ကသိုလ် အမှတ်စဉ် (၁၁)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြနှင့် အေဝမ်းစိုးမြင့်တေးဂီတအဖွဲ့၊ အကယ်ဒမီ ဦးနေအောင်၊ ဓာတ်ပုံဗီဒီယို ဝဏ္ဏခွာနီးနှင့် အဖွဲ့၊ မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော သီဂီရွှေဝါပိုးထည်တိုက်နှင့် Designer မမဥ္ဇူ (Zu Zu Collection)၊ ပန်းအလှပြင် လင်းလင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော She Shine မှ ဦးမောင်မောင်၊ ဒေါ်စိုးစိုးမြင့်၊ မင်္ဂလာပန်းကြဲပေးသော မခိုင်ကျော်ဝင်း၊ မင်္ဂလာပန်းနှင့် လက်စွပ်ကိုင်ဆောင်ပေးသော ကြေးမုံသန့်၊ သတို့သားအရံ မောင်နေမျိုးထက်နှင့် မောင်ကျော်သူ၊ သတို့သမီးအရံ ခင်မိုးသူနှင့် သင်းနွယ်စိုးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပို့ပါသော စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော တပ်မတော်(ရေ)မှ အရာရှိများနှင့် ဇနီးများ၊ ဆွေမျိုးများ၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးကျော်–မဆုမွန်သိမ်း

● ဘယ်နက်ဇာဘူတို လုပ်ကြံခံရခြင်း သတင်းများနှင့်...
နိုင်ငံတကာ သတင်းဂျာနယ်
အင်္ဂါနေ့တိုင်း ထွက်နေပါပြီ

နှစ်သစ်မင်္ဂလာမှာ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းလျက်
စိတ်ချပါ
ကြွေသွားများနှင့် အခြားသွားတုအမျိုးမျိုးကိုတပ်ဆင်မယ်ဆိုရင်
ပုံသဏ္ဍာန် အရောင်အဆင်း အံဝင်ဂွင်ကျမှု မှန်ကန်သောနှုန်းထား
အားလုံးကို အပြည့်အဝ ကျေနပ်နှစ်သက်မှ သင့်ရဲပါးစပ်ထဲ ရောက်စေရမယ်...
သွားတုအစားထိုးမှုကို (၂၄)နာရီအတွင်း အမြန်ဆောင်ရွက်ပေးနိုင်ပါသည်။
Since 1957
သရင် သွား–ခံတွင်း နှင့် အဆင့်မြင့်သွားတုလုပ်ငန်း
အမှတ်(၆၂၁)၊ ဓမ္မာသီလမ်း၊ ၅/ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ဖုန်း–၆၉၉၂၂၅၊ ၀၉–၈၀ ၃၃၃၈၅

Thiri SILK COLLECTIONS
459-B, New University Avenue Road, Bahan Township, Yangon
Thiri SILK COLLECTIONS "ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်" ဖြင့်
(1. 1. 08) တွင် 10% Discount
(2. 1. 08) မှ (4. 1. 08) အထိ 5% Discount ဖြင့်
ရောင်းချပေးမှာဖြစ်ပါတယ်။
Open Daily - 9:30 AM to 7:30 PM

ပျော်ရွှင်စရာနှစ်သစ် ၂၀၀၈ကို ကြိုဆိုပါသည်

(၃၁–၁၂–၂၀၀၇) ရက်အထိ ပြုလုပ်ပေးခဲ့သော ဒံပေါက် ၅ပွဲဝယ်လျှင် ၁ပွဲလက်ဆောင်ပေးသည့် အစီအစဉ်တွင် ဝယ်ယူအားပေးခဲ့ကြသော မိဘပြည်သူများကို နီလာဒံပေါက်နှင့်အအေး မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

နှစ်သစ်ဦး ဆုတောင်းလွှာ
တက်လင်း
အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး
ရန်ကုန် ↔ မန္တလေး ↔ ပြင်ဦးလွင် ↔ လားရှိုး
ကျွန်တော်တို့၏ တက်လင်း (အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး) ရန်ကုန် ↔ မန္တလေး ↔ ပြင်ဦးလွင်
ခရီးစဉ်အပြင် မကြာမီက ဖွင့်လှစ်လိုက်သော ရန်ကုန် ↔ လားရှိုး ခရီးစဉ်အသစ်တွင် ကျွန်တော်တို့ ပို့ဆောင်ရေးအသင်း၏
အထူးဝန်ဆောင်မှု အားနည်းချက်၊ အားသာချက်များကို စေတနာရှေ့ထား အကြံဉာဏ်ကောင်းများဖြင့် အစဉ်တစိုက် အမြဲထောက်ရ
လိုက်ပါစီးနင်းကြသော ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများနှင့် ခရီးသွားမိဘ ပြည်သူအပေါင်းတို့အား
တက်လင်း မိသားစုမှကိုယ်စိတ်နှလုံး စိတ်ရွှင်ပြုံး၍ ဘေးရန်အပေါင်းကင်းစေကြောင်း
နှစ်သစ်ဦးအခါသမယတွင် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်) ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဆောက်လုပ်ဆဲ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်) ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)နှင့် စစ်တောင်းစက္ကူစက် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

မွန်ပြည်နယ် သထုံမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် သထုံမြို့ရှိ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်)သို့ရောက်ရှိရာ **စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ⇨**

CNG သဘာဝဓာတ်ငွေ့များ ခရီးစဉ်သုံးစွဲမှုအပေါ်မူတည်၍ လိုသလောက်ဝယ်ယူခွင့်ပြုမည် ဓာတ်ဆီ၊ ဒီဇယ်များကိုလည်း ယခင်အတိုင်း ပြောင်းလဲမှုမရှိ ဆက်လက်ထုတ်ပေးမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း နယ်မြေအတွင်း ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ကုန်ပစ္စည်းတင်ယာဉ်များအတွက် CNG သဘာဝဓာတ်ငွေ့များ ရောင်းချပေးလျက်ရှိရာတွင် စနစ်တကျရှိစေရေးအတွက် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ထုတ်ယူခွင့် စာအုပ်ဖြင့် မှတ်တမ်းတင်ရောင်းချပေးမည်ဖြစ်ပြီး ခရီးစဉ်သုံးစွဲမှုအပေါ်မူတည်လျက် ယခင်အစီအစဉ်အတိုင်း လိုသလောက် ဝယ်ယူခွင့် ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဓာတ်ဆီ၊ ဒီဇယ်သုံးယာဉ်များကိုလည်း ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ ဆက်လက် ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✽ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✽ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✽ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✽ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✽ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✽ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✽ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✽ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✽ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✽ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✽ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✽ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား